mgyoe.com



# မြသန်းစံ

## ဘုရားရှင်၏အဓိပ္ပာယ်ကို ခံစားကြည့်သိခြင်း

mgyoe.com

ဒုတိယအကြိမ်

mgyoe.com




လက်ရှိ ကျွန်တော့်အသိဉာဏ်နယ်ပယ်
အတိုင်းအတာရှိသလောက်သာ
ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို
ဖော်ထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ အမှန်တကယ်မူ
ဘုရားရှင်၏ဂုဏ်ကျေးဇူးသည်
မည်မျှပင် ဖော်ပြ ဖော်ပြ၊ ရေးပြ ရေးပြ
ကုန်နိုင်ဖွယ် မထင်ပါ။
ကျွန်တော့် အသိဉာဏ်နယ်ပယ် ကျယ်လာသည်နှင့်အမျှ
ဘုရားရှင်၏ ဂုဏ်ကျေးဇူးများကို ပိုမိုသိခွင့်ရလာမည် ဖြစ်ပါသည်။
ထိုအခါ ကျွန်တော်သည် စကားလုံးဖြင့်ဖော်ပြ၍ မလွယ်နိုင်သော
စိတ်၏နယ်ပယ်၊ အသိဉာဏ်၏နယ်ပယ်မှသည်
ဘုရားရှင်အပေါ် ခံစားကြည်ညိုခြင်းကို
ဆက်လက်စွမ်းဆောင်သွားမည်သာ
ဖြစ်ပါသည်။

MTHS0009
1,200.00KS

mgyoe.com

mgyoe.com

ဘုရားရှင်၏ အဓိပ္ပာယ်ကို ခံစားကြည့်ညိုခြင်း၊ မြသန်းစံ
စာမျက်နှာ ၁၀၇ မျက်နှာ၊ ၁၃ စင်တီ× ၁၈ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
၁၉၉၉၊ အပ္ပမာဒစာစဉ် ပထမအကြိမ်မူ၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင်

တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

mgyoe.com

mgyoe.com

**အပ္ပမာဒေါ အမတံ ပဒံ**

ကုသိုလ်ကောင်းမှုတို့၌
မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ
နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

mgyoe.com

mgyoe.com

⊙ ဗုဒ္ဓသရဏံ ဂစ္ဆာမိ
မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

⊙ ဓမ္မံသရဏံ ဂစ္ဆာမိ
မြတ်စွာဘုရား၏ တရားတော်ကို
အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

⊙ သံဃံသရဏံ ဂစ္ဆာမိ
မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်အပေါင်းကို
အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



- ဘုရားမမြင်သူသည် ဘုရားနှင့်တွေ့သော်လည်း မတွေ့သည်သာ ဖြစ်ဘိ၏။
- ဘုရားမတွေ့သူသည် အမှန်သည်လည်း အမှားဖြစ်တတ်ချေ၏ ။
- အမှားသည်လည်း အမှန်ဖြစ်တတ်ချေ၏။
- ဘုရားတွေ့လိုလျှင် ဘုရားကြည့်မျက်လုံး တပ်ဆင်ထားထိုက်၏ ။
- ထို့အတူ သံဃာတွေ့လိုလျှင်လည်း သံဃာကြည့်မျက်လုံး တပ်ဆင်ထားထိုက်၏။
- ထိုသည့် ဘုရား၊ ထိုသည့်သံဃာ မြင်စွမ်းနိုင်သော မျက်လုံးသည် သစ္စာဉာဏ်မျက်စိသာဖြစ်ကြောင်း သဘောပေါက်ထားနှင့်ရာ၏။
  - စင်စစ် ရှင်ဂေါတမသည် 'ဘုရားရှင်' သာ ဖြစ်ဘိ၏။
  - ဘုရားကား မဟုတ်ချေပြီ။
  - ရင်နှင့်လွယ်၍မွေးသော သားသည်မိခင်ကို **'သားရှင်ခေါ်ဘိသို့'** သစ္စာပေါက်ဖွားပွင့်ပေါ်ရာ ဉာဏ်၏ ပိုင်ရှင်ကိုလည်း **'ဘုရားရှင်'** ဟူ၍သာ ခေါ်ဆိုရချေ၏ ။
  - ထို့ကြောင့် တကယ့်ဘုရားအစစ်သည် အနာဝရဏဉာဏ်တော်၊ သဗ္ဗညုတဉာဏ်တော်သာဖြစ်ပြီး တစ်ဖန် ထို

mgyoe.com

mgyoe.com



ဉာဏ်၏ကိန်းဝပ်ရာ ရှင်ဂေါတမကိုလည်း ဘုရားဟူ၍ပင် သမုတ်ရခြင်း ဖြစ်ချေ၏။

❖ ရှင်တော်ဂေါတမဟူသော ခန္ဓာကိုယ် အတ္တဘောသည် ဘုရားရှင် သိတင်းသုံး မှီခိုရာ ကျောင်းတော်သာ ဖြစ်ဘိ၏။ ဘုရားဟူ၍ကား မထင်မှတ်အပ်ပြီ။

❖ ထိုအကြောင်းကို ဝက္ကလိနှင့် နှစ်ကိုယ်ချင်း အနီးကပ် တွေ့စဉ်က–

ဝက္ကလိ၊ အကယ်တိတိ သင်သည် ငါ့စကားနားထောင်၍ ကျင့်ကြံ၍ နေထိုင်လျှင် ငါနှင့် စကြဝဠာ ဝေးသော်လည်း နီးနီးကလေးပင်ဖြစ်ချေ၏။ အကယ်တိတိ သင်သည် ငါ ဆုံးမသည့် အတိုင်း မကျင့်မကြံ အမြင်မမှန်နေခဲ့ချေသော် ငါ့အနား တိုးကပ်လျက်နေသော်လည်း ငါဘုရားနှင့် စကြဝဠာအထိ ဝေးကွာလှချေ၏" ဟု မိန့်ဆိုခဲ့သည်ကို သတိမူသင့်၏။

❖ ထိုသို့မိန့်စဉ်က ရှင်ဂေါတမနှင့် ဝက္ကလိတို့ အနေအထားသည် ခန္ဓာကိုယ် အတ္တဘောချင်းအားဖြင့် ငါးတောင်ခန့်မျှသာ ကွာဝေးပြီး သစ္စာဉာဏ်တော် အမြင်ချင်းကား စကြဝဠာကွာဝေးနေချိန်ပင် ဖြစ်၏။ ထို့ကြောင့် ဤခန္ဓာကိုယ် အတ္တဘောသည် ဘုရားမဟုတ်သေးကြောင်း သိစေတော်မူရင်းဟူ၍ မှတ်သားသင့်ရာ၏။

(ပဋိဘာန ဉာဏ ဒဿန ကထာ ကျမ်းစာအုပ်၊ စာ–၁၆/၁၇ မှ)

**ဝနဝါသီ အရှင်ဥဒေယျဓမ္မသာမိ**

(မဟာဗောဓိမြိုင် ဆရာတော်)

mgyoe.com

mgyoe.com



- ကိလေသာတွေ ကင်းရှင်းနေတဲ့အခါမျိုးမှာ ဘုရားကို အာရုံပြုကြည့်ပါ။
- အဲဒီအခါကျမှ ဘုရားဆိုတာ ဘယ်လိုလဲဆိုတာ နည်းနည်းရိပ်မိလာလိမ့်မယ်။
- စာဖတ်ပြီးတော့ သိထားရုံနဲ့ ဘုရားဆိုတာ သိပြီလို့ ပြောဖို့ မလွယ်ဘူး။
- ဘုရားရဲ့ စိတ်အခြေအနေကို ကိုယ်ကိုယ်တိုင် ကိလေသာကင်းရှင်းနေတဲ့အခါမှာ အာရုံပြုကြည့်မှ နည်းနည်းရိပ်မိလာတယ်။
- အဲဒီအခါမှာ ဘုရားရဲ့စိတ်ကို နည်းနည်းလေး မှန်းပြီး အာရုံပြုလို့ရလို့ အင်မတန် ကြည်ညိုတဲ့စိတ် ဖြစ်တယ်။
- ကိုယ်ကိုယ်တိုင် ကိလေသာကင်းနေမှ ကိလေသာကင်းတာ ဘယ်လောက်မြင့်မြတ်တယ်ဆိုတာ သိနိုင်တယ်။ ဒါကြောင့် သိနေတာဟာ ကုသိုလ်ဖြစ်နေတာပေါ့။
- မြတ်စွာဘုရားနဲ့ ပတ်သက်ပြီးတော့ မသိနိုင်တာတွေ အင်မတန် များပါတယ်။
- ဒီတစ်ချက်ကို သိရင်တော့ ဘုရားကို အာရုံပြုလို့ရပြီ။
- ဒီဘုန်းကြီးလည်း ကိုယ်တိုင် အဲဒီလို တစ်ခါတစ်ရံ ခံစားဖူးပါတယ်။

mgyoe.com

mgyoe.com



၀ ကိုယ့်စိတ်ထဲမှာ တကယ်ကြည်လင် သန့်ရှင်းနေတဲ့အခါမှာ ငါတောင်မှ ဒီလောက်ချမ်းသာနေတာ၊ ဒီလောက် ကြည်လင်နေတာ ဘုရားရဲ့စိတ်က ဘယ်လောက်များ ကြည်လင် အေးချမ်း သန့်ရှင်းနေမလဲဆိုတာ နည်းနည်းမှန်းလို့ရတယ်။

၀ ဒီလိုနေရတာ အင်မတန်သက်သာပါတယ်။

**ဆရာတော် ဦးဇောတိက**
(မဟာမြိုင်တောရ ဆရာတော်၏
'သတိဆိုတဲ့ နေအိမ်' စာ–၁၁ မှ)

mgyoe.com

mgyoe.com



## စာရေးသူ၏ နိဒါန်းစကား

အသက် ၄၀ နား နီးသည်အထိ ကျွန်တော်သည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦးသာ ဖြစ်ခဲ့သည်ဟု ဆိုရပေမည်။ ကျွန်တော် ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်းကို မှတ်ပုံတင်တွင် ဖြည့်သွင်းရုံ၊ ကျောင်းဝင်ခွင့်လျှောက်လွှာတွင် ဖြည့်သွင်းရုံ၊ ကိုယ်ရေးရာဇဝင်တွင် ဖော်ပြရုံ၊ အလုပ်ဝင်ခွင့်၌ အချက်အလက်တစ်ခုအဖြစ် ဖော်ပြရုံသာ ရှိခဲ့ပါသည်။ သည်လိုဖြည့်စွက် ဖော်ပြရုံမျှနှင့် ကျွန်တော်သည် ဗုဒ္ဓဘာသာဝင် ဖြစ်နိုင်ရိုးလား...။

မဖြစ်နိုင်ပါ။ သို့သော် မဖြစ်နိုင်မှန်းကိုမူ ကျွန်တော် မသိခဲ့ပါ။

ထို့ကြောင့်ပင် ကျွန်တော်သည် အမေ၊ အဖေတို့က 'ဘုရား' ဆိုတာ ရှိခိုးရတယ်ဟဲ့...။ 'ဘုရားစာ ဆိုတာ သည်လိုကျက်မှတ်ရတယ်ဟဲ့' ဆိုသော အဆုံးအမအရ ကျွန်တော်သည် ဘုရားလည်း ရှိခိုးသည်သာ...။ ဘုရားစာတွေလည်း ဆိုခဲ့သည်သာ...။ တစ်နည်းအားဖြင့် မိဘ စိတ်ချမ်းသာအောင် မိဘစကားကို နားထောင်လိုက်ရခြင်းသာ ဖြစ်ပါသည်။ ထို့ထက် အဖေ၊ အမေက ဗုဒ္ဓဘာ

mgyoe.com

mgyoe.com



သာဖြစ်၍ ငါလည်း ဗုဒ္ဓဘာသာဖြစ်ခဲ့ပြီ။ ထို့ကြောင့် အဖေ၊ အမေတွေ ဘုရားရှိခိုးသလို၊ ဘုရားစာရွတ်သလို ငါလည်း ဘုရား ရှိခိုးရမည်။ ဘုရားစာရွတ်ဆိုရမည်ဆိုသည့် အသိထက် ဘာမျှ မပို။

ထိုအခါ ကျွန်တော်၏ ဘုရားရှိခိုးခြင်းသည် ဘုရားရုပ်ပုံကားချပ်ကို ရှိခိုးခြင်းသာ ဖြစ်ခဲ့သည်။ ကြေးဆင်းတု၊ ကျောက်ဆင်းတု၊ သစ်ဆင်းတု၊ ရွှေဆင်းတုများကို ရှိခိုးခြင်းသာ ဖြစ်ခဲ့သည်။ ရွှေစေတီ၊ ကြေးစေတီ၊ ကျောက်စေတီ၊ အုတ်ပုံစေတီကို ရှိခိုးခြင်းသာ ဖြစ်ခဲ့သည်။ ဝတ္တရားအရ၊ လုပ်ရိုးလုပ်စဉ်အရ လက်အုပ်ချီ၊ ပုဆစ်တုပ်၊ ခေါင်းနှင့် လက်ဖဝါး ပြားပြားဝပ် စသည့် ဘုရားရှိခိုးသည့် ခန္ဓာကိုယ်ပုံစံကြီး တစ်ခုကိုသာ ကျွန်တော်ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ဘုရားရှိခိုးနေသည့် အချိန်မှာလည်း စိတ်က ဟိုရောက်၊ သည်ရောက်…။ ထိုအခါ ကျွန်တော်ရွတ်ဆိုနေသော ဘုရားစာမှာ စကားလုံးများ၊ ဝေါဟာရများကို ရွတ်ဆိုနေခြင်းသာ ဖြစ်ခဲ့သည်။

ထိုစဉ်က ကျွန်တော့်အမြင်တွင် ဘုရားဟူသည် မျက်စိရှေ့မှောက် လတ်တလောတွေ့နေရသည့် ရုပ်တုတစ်ခုဟုသာ ထင်မှတ်မိခဲ့ခြင်း ဖြစ်သည်။ နေရာဒေသပေါင်းစုံသို့ ခရီးသွားလာနေရသည့်အခါ ဘုရား၊ စေတီများကို ဖူးမြင်ခဲ့ရပါသည်။ ဘုရားရုပ်တုကို ထုလုပ်သော ပန်းပုဆရာ၊ ပန်းရန်ဆရာ၊ ကြေးသွန်းဆရာတို့၏ အနုပညာလက်ရာ အမျိုးမျိုးပေါ်မူတည်၍ အချို့ဘုရားတို့သည် ပြုံးရွှင်ကြည်သာသော မျက်နှာများကို ဖူးတွေ့ရသော်လည်း အချို့ဘုရားတို့မှာ ထုလုပ်သူ၏လက်ရာ အရည်အသွေး ညံ့ဖျင်းမှုကြောင့် မျက်နှာတွေမှာ မှုန်မှိုင်းမှိုင်း၊ မာန်တင်းတင်းနှင့် အချိုးအစားမကျ၊

mgyoe.com

mgyoe.com



ကြည်သာရွှင်ပျသော အမူအရာမရှိသဖြင့် ရှိသာရှိခိုးလိုက်ရသည်။ စိတ်မဝင်စားလှ။ ဆိုရလျှင် ကျွန်တော်သည် ပန်းပုဆရာ၊ ပန်းရန်ဆရာ၊ ကြေးသွန်းဆရာ စသည့် ပန်းဆယ်မျိုး လက်ရာရှင်များ ဆွဲခေါ်ရာနောက်သို့ လိုက်သွားမိခဲ့ခြင်းသာ ဖြစ်သည်။ 'ဘုရား' ကို ကျွန်တော် မမြင်မိပေ။ ရုပ်တုကိုသာ ကျွန်တော် မြင်နေခြင်း ဖြစ်သည်။

စေတီ၊ ပုထိုးများကို ရှိခိုးသည့်အခါမှာလည်း ထို့နည်းတူပင်...။ ထို့နောက် ဆင်းတု၊ စေတီများ၌ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းကပ်လှူခြင်း စသည်ကိစ္စများ ဆောင်ရွက်သည့်အခါမှာလည်း ကောင်းတယ်ထင်၍ လုပ်နေခြင်းသာဖြစ်ခဲ့ပြီး ဘာကောင်းမှန်းလည်း မသိခဲ့။ သို့သော် အန္တရာယ်ကင်းမယ်၊ ဘေးရှင်းမယ်၊ စီးပွား လာဘ်လာဘ တိုးတက်မယ်၊ စည်းစိမ်ခံစားနိုင်မယ်၊ ချမ်းချမ်းသာသာ နေရမယ်။ စာမေးပွဲအောင်မယ်၊ ရာထူးတက်မယ် စသည်ဖြင့် အရွယ်နှင့် ဖြတ်သန်းနေရသော ဘဝအစိတ်အပိုင်းအပေါ်မူတည်၍ မျှော်လင့်ချက်အမျိုးမျိုးဖြင့်သာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျွန်တော့်အကျိုးစီးပွားကို အဓိကထား၍ လုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်ပါသည်။

သည်လိုနှင့် ဘဝထဲ၌ ဟိုတိုး၊ သည်တိုးဖြင့် နေထိုင်ရင်းမှပင် ကျွန်တော်သည် သတိပဋ္ဌာန်တရားကို အားထုတ်ဖြစ်သွားမိသည်။ ဒါကလည်း အစပထမ၌ ကောင်းမယ်ထင်၍သာ လုပ်ခဲ့ခြင်းဖြစ်ပြီး ဘာကောင်းမှန်းလည်း မသိခဲ့ပါ။ သို့သော် တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ် စသည်ဖြင့် လေးနှစ်နီးပါးခန့် သည်အလေ့အကျင့်တွေ ဆက်

mgyoe.com

mgyoe.com


တိုက် ရှိလာသောအခါ ကျွန်တော်သည် ဘုရားရှင်ဟောကြားခဲ့သော တရားတော်များကို အထိုက်အလျောက် သိမြင်နားလည် ခံစားခွင့် ရလာခဲ့ပါသည်။

ထိုအခါမှသာ တရားတော်၏ လေးနက်ကျယ်ဝန်းပုံ၊ သိမြင်ရန် ခက်ခဲပုံ၊ သိမြင်နိုင်ဖို့အတွက် မိမိဘက်မှ အရင်းအနှီးပေးရပုံတို့ကို တစ်ဆက်တစ်စပ်တည်း နားလည်လာရသည်။ ထိုသို့နားလည်လာသည့်အခါ သည်တရားတော်များကို ဟောကြားခဲ့သော ဘုရားရှင်ကို လှမ်းမြင်လာမိပါသည်။ ထို့နောက် သည်တရားတော်များကို သိမြင်လာအောင်၊ ဟောကြားနိုင်အောင်၊ ဘဝအဆက်ဆက် ကြီးစွာသောအရင်းအနှီးများဖြင့် ပါရမီဖြည့်ခဲ့သော ဘုရားရှင်ကို မြင်လာပါသည်။

ထိုအခါ ကျွန်တော်သည် အရှက်ကြီး ရှက်သွားရလေသည်။

ကျွန်တော်လုပ်နေသည်မှာ ကျွန်တော့်အတွက်...။

ဘုရားရှင် လုပ်ခဲ့သည်မှာ သတ္တဝါအားလုံးအတွက်...။

ဘုရားရှင်သည် ကိုယ့်အတွက်ဆိုလျှင် သုမေဓာရှင်ရသေ့ဘဝကတည်းက နိဗ္ဗာန်ဝင်သွားနိုင်ခဲ့သည့် အခြေအနေရှိပြီးဖြစ်သည်။ သံသရာထဲတွင် ဘဝမျိုးစုံကျင်လည်ပြီး သူတစ်ပါးအထင်လွဲခံ၊ အနှိပ်စက်ခံပြီးမှ ပါရမီရင့်ကျက်အောင်၊ ကိုယ့်စိတ်တန်ဖိုးကို မြင့်သည်ထက် မြင့်အောင် လုပ်ခြင်းဖြင့် သတ္တဝါတို့၏ အကျိုးစီးပွားကို စွမ်းဆောင်မည်ဟူသော စိတ်ကူးအစိဋ္ဌာန်သည် သာမန်လူတို့ မထားနိုင်ပါ။ စိတ်ပင်မကူးရဲပါ။ ထိုအခါ ဘုရားရှင်၏တန်ဖိုးဆိုတာကိုပါ ကျွန်တော် နားလည်လာခဲ့သည်။

mgyoe.com

mgyoe.com



ကြည့်စမ်း…၊ ဘုရားရှင်ခမျာ ကျွန်တော်တို့အားလုံး အတွက် စွန့်လွှတ် အနစ်နာခံခဲ့ရတာ၊ အရင်းအနှီးပေးဆပ်ခဲ့ရတာ ကြီးမားလှပါဘိ။ ကျေးဇူးဂုဏ်ဒြပ်တို့သည် တန်ဖိုးဖြတ်၍ မရနိုင်ပါဘိ။ သို့သော် ကျွန်တော်တို့သည် အားမနာ၊ ပါးမနာ။ ကျွန်တော်တို့ လိုချင်တာတွေကို ဘုရားရုပ်တုတွေအနားကပ်၍ တစာစာတောင်းခံနေသည်။ ဘုရားဟောခဲ့သော တရား၊ ဘုရားအဆုံးအမကို နားထောင်ဖို့အတွက် ကျွန်တော်တို့ အချိန်မပေး၊ ဂရုမထား၊ သတိမမူ။

အပျော်အပါးအတွက်ဆို အပင်ပန်းခံရမလား…။ ခံနိုင်ကြရဲ့…။

သူတစ်ပါးအကြောင်းပြောဖို့ဆို တစ်နေ့လုံးကုန်ချင် ကုန်ကုန်၊ အချိန်ကုန်ခံမလား ခံနိုင်ကြရဲ့…။

ကိုယ့်အတွက်လုပ်ဖို့ဆို ဘယ်သူတွေ ဘာဖြစ်ခဲ့၊ ဖြစ်ခဲ့ လုပ်ကြမလား၊ လုပ်ဝံ့ကြရဲ့…။

ဤသို့ဖြင့် ကျွန်တော်တို့သည် သံသရာလည်ရာ လည်ကြောင်းအတွက် ဘဝထဲကအချိန်တွေကို တန်ဖိုးမဲ့စွာ အသုံးချနေကြလေသည်။ ကျွန်တော်တို့ရရှိမည့် သာမန်သက်တမ်း ၆၀ ကျော် ၇၀ အတွင်း၌ ကျွန်တော်တို့သည် ကိုယ့်အတွက်သာ စဉ်းစားလုပ်ဆောင်ခဲ့ကြသော်လည်း ဘုရားရှင်မှာမူ ဗျာဒိတ်ရပြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း၌ သတ္တဝါအားလုံး၏ အကျိုးစီးပွားအတွက်သာ စဉ်းစားခဲ့ခြင်း ဖြစ်ပါသည်။

ထိုအခါ ဘုရားရှင်၏ အနှိုင်းမဲ့ဂုဏ်ကျေးဇူးကို ကျွန်တော်

mgyoe.com

mgyoe.com



ထဲထဲဝင်ဝင် နားလည်ခံစားခွင့်ရလာသည်။ သို့နှင့် ကျွန်တော်သည် ဘုရားဆင်းတုရှေ့မှောက် ရောက်သည့်အခါတိုင်း ကျွန်တော့်မှာ အပြစ်များစွာ စွန်းထင်းနေသူသို့ ခံစားရသည်။ ကျွန်တော်သည် အမြင်ဟူသမျှ မြူမှုံမထင်၊ ကင်းစင်နေသူ၏ ရှေ့မှောက်၌ အပြစ်များ ပွေ့ပိုက်လျက် ထိုင်နေရသူပမာ ခံစားလာရသည်။ ကျွန်တော် ရှေ့မြင်ကွင်းတွင်တည်ငြိမ်စွာ၊ သပ္ပာယ်စွာသီတင်းသုံး၍ ကျွန်တော်တို့ ငုံ့ကြည့်နေသည်မှာ ကြေးဆင်းတုမဟုတ်တော့၊ သစ်သားဆင်းတု မဟုတ်တော့၊ ကျောက်ဆင်းတုမဟုတ်တော့။

တကယ့်ဘုရားရှင် ဖြစ်နေပါပေါ့လား..။

တကယ့် ဘုရားရှင်ကိုယ်တော်တိုင် လာရောက်သီတင်းသုံးရင်း ကျွန်တော့်ကို ကရုဏာကြီးမားသော မျက်လုံးတော်အစုံဖြင့် ငုံ့ကြည့်နေပါပေါ့လား။

နူးညံ့သိမ်မွေ့လွန်းသော အထိအတွေ့တစ်ခုသည် ကျွန်တော့်ဟဒယအိမ်အတွင်း၌ ညင်သာစွာ ဖြတ်သန်းသွားလေသည်။

ကျွန်တော် မခံနိုင်တော့...။ မျက်ရည်ပေါက်ကြီးငယ်တို့ ကျရလေပြီ။ ဤသို့ဖြစ်သည်မှာ အကြိမ်ကြိမ်။ ထိုအခါ စိတ်ထဲမှာ ဘုရားရှင်ကို ကျွန်တော့်ဉာဏ်စွမ်းရှိသမျှ၊ ဉာဏ်ဖြန့်ကြက်နိုင်သမျှ အတိုင်းအတာအထိ ကြည်ညိုလာမိသည်။ ဘုရားရှင်ကို ဖော်ပြနှိုင်းယှဉ်၍ မရနိုင်သမျှသော ချစ်ခြင်းမျိုးဖြင့် ချစ်လာမိသည်။

"အကြောင်းရှိ၍ဖြစ်ရသော (သင်္ခါရ) ဟူသမျှသည် ပျက်ခြင်းသဘော ရှိကြ၏။ သတိတရားဖြင့် အကျင့်သိက္ခာကို ပြည့်စုံစေရစ်ကြ..."

mgyoe.com

mgyoe.com



ကုသိနာရုံပြည်၊ အင်ကြင်းဥယျာဉ်၌ ဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီး နောက်ဆုံးမှာကြားခဲ့သော အဆုံးအမကို ကြားယောင်မိသည်။ ဓမ္မက္ခန္ဓာ ၈၄၀၀၀ ကို ကိုယ်စားချန်ရစ်ကာ၊ ဓာတ်တော် မွေတော်တို့ကို ကိုယ်စားချန်ရစ်ကာ ဘုရားရှင်သည် စိတ်တော် အစဉ်ရပ်စဲ၍ ပရိနိဗ္ဗာန်ပြုခဲ့လေပြီ။

ထိုအချိန်၌ ဘုရားရှင်၏ အနီးကပ်အလုပ်အကျွေး ရဟန်းဖြစ်သော ညီတော်အာနန္ဒာ၏ ကြီးစွာသော တုန်လှုပ်ကြေကွဲ နှမြောတသဖြစ်နေသည့် နှလုံးအိမ်ကိုပါ ကျွန်တော်သည် ကိုယ်ချင်းစာနားလည်ခံစားမိသည်။

"အာနန္ဒာ၊ ယခု သင်တို့ ဘာများတတ်နိုင်ကြသေးသနည်း။ သင်တို့ မည်မျှလောက်ငိုငို၊ ဘယ်လိုပင်တားတား၊ သဘာဝတရားကြီးက အတားခံပါသေး၏လော။ သင်တို့၏မျက်ရည်များကို ငဲ့ပါသေးသလော။ 'ဇာတိ' နှင့် စလာသည့်အားလျော်စွာ 'မရဏ' ဖြင့် အဆုံးသတ်သွားသည်သာ မဟုတ်လော"

"အာနန္ဒာ၊ သင်တို့တစ်တွေမှာ ဆက်လက်၍တည်ရှိစေလိုသော အလိုအာသဝကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးကြရ၏။ ရှိုက်ကြီးတငင်ငင် ပင်ပန်းကြရ၏။ ဘုရားရှင်မှာကား အာသဝဟူသမျှချုပ်ငြိမ်းနေကြပြီဖြစ်၍ စိတ်ဒုက္ခမဖြစ်ပါချေ။ ဖြစ်လျှင် ပျက်ရသောသဘာဝကို မည်သို့သောအာသဝနှင့်မျှ တားဆီး၍မရပေ။ ဤသဘောကို အသိကြီးသိထားတော်မူပြီမို့ စိတ်နှလုံးအေးချမ်းစွာဖြင့် ဝဋ်ခန္ဓာကြီးကို စွန့်လွှတ်တော်မူလိုက်ပေပြီ။ ယခု ရရှိထားသော ဝဋ်ဒုက္ခကြီးအပေါ်မှာ အလိုအာသဝ ကင်းစင်တော်မူသကဲ့သို့

mgyoe.com

mgyoe.com



အနာဂတ် ဝဋ္ဋဒုက္ခများကိုလည်း တောင့်တမြော်ခေါ်ခြင်း မရှိချေ။ ဤသို့ တောင့်တမြော်ခေါ်ခြင်းကင်းလျက် ဘဝနိဂုံး အဆုံးသတ်ရခြင်းကိုပင် ပရိနိဗ္ဗာန်ပြုသည်ဟု ခေါ်ရပေသည်။

**(ဝဏ္ဏသီရိ၏ 'ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း' ဒုတိယတွဲမှ)**

အရှင်အနုရုဒ္ဓါ၏ အားပေး ဖြေသိမ့်တရားစကားကိုလည်း ကြားယောင်လာသည်သို့ ရှိသည်။

ဤခံစားရမှုများအပေါ် အရင်းတည်၍ ဘုရားရှင်၏ကျေးဇူးကို တစ်ပိုင်တစ်နိုင်ဆပ်မည် ဟူသော ကြံစည်စိတ်ကူးမှုဖြင့် ဤစာအုပ်ကို ကျွန်တော်ရေးဖြစ်သွားသည်ဟု ဆိုချင်ပါသည်။

လက်ရှိ ကျွန်တော့်အသိဉာဏ်နယ်ပယ် အတိုင်းအတာရှိသလောက်သာ ဘုရားရှင်၏ဂုဏ်ကျေးဇူးကို ဖော်ထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ အမှန်တကယ်မူ ဘုရားရှင်၏ ဂုဏ်ကျေးဇူးသည် မည်မျှပင် ဖော်ပြ ဖော်ပြ၊ ရေးပြ ရေးပြ ကုန်နိုင်မည်မထင်ပါ။ ကမ္ဘာပေါ်ရှိ ဘာသာစကားမျိုးစုံမှ ဝေါဟာရတွေ ကုန်သွားစေဦး၊ ကမ္ဘာ့အထူဆုံးစာအုပ်ကြီးမျှအထိ ဖြစ်သွားစေဦး။ ဘုရားရှင်၏ ဂုဏ်ကျေးဇူးသည် ကုန်နိုင်ဖွယ်မထင်ပါ။

ကျွန်တော့်အသိဉာဏ်နယ်ပယ် ကျယ်လာသည်နှင့် အမျှ ဘုရားရှင်၏ဂုဏ်ကျေးဇူးများကို ပိုမိုသိခွင့်ရလာမည် ဖြစ်ပါသည်။ ထိုအခါ ကျွန်တော်သည် စကားလုံးဖြင့်ဖော်ပြ၍ မလွယ်နိုင်သော စိတ်၏နယ်ပယ်၊ အသိဉာဏ်၏နယ်ပယ်မှသည် ဘုရားရှင်အပေါ်

mgyoe.com

mgyoe.com



ခံစားကြည်ညိုခြင်းကို ဆက်လက်စွမ်းဆောင်သွားမည်သာ ဖြစ်ပါသည်။

ဘုရားရှင်အပေါ် ဤမျှ တစ်ပိုင်တစ်နိုင် (ဤစာအုပ်ဖြင့်) ကျေးဇူးဆပ်နိုင်ခဲ့ခြင်းနှင့်အတူ ဘုရားရှင်ကို အမှန်တကယ် မြင်သိခဲ့ခြင်း ဟူသော အသိဉာဏ်ကြောင့်ပင်လျှင် ကျွန်တော့်စိတ်နှလုံးတို့သည် အေးချမ်း ရွှင်လန်းခဲ့ရပြီဟု ဆိုချင်ပါတော့သည်။

၅-၈-၉၉

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



ပုံရိပ်ကို မြင်ယောင်
ထင်ယောင်သလို ဖြစ်လာသောအခါ
ခံစားမှုဝေဒနာကွန့်မြူးသည်
နိုးကြားလာတော့သည်။
သိမြင်မှု ဝိညာဏကွန့်မြူးသည်လည်း
ယှဉ်တွဲလျက် ပေါ်လာသည်။

## ဘုရားရှင်၏အဓိပ္ပာယ်ကို ခံစားကြည့်ညိုခြင်း [ ၁ ]

မြင်ကွင်းကို တိုက်ရိုက်မမြင်ရ၍သာ တော်တော့သည်။

သို့သော်... အသံကို ကြားနေရသည့်အခိုက် အသံမှတစ်ဆင့် အာရုံထဲတွင် ပုံရိပ်တို့သည် ထင်းခနဲ... လင်းခနဲ တဖျတ်ဖျတ် ပေါ်လာသည်။ တဖျတ်ဖျတ်ပျောက်သွားသည်။ **အကြားအာရုံသည် စိတ်ထဲတွင် ပုံရိပ်တွေကို ဖော်စွမ်းနိုင်သည်အထိ အား ကောင်းလှပါလား...** ဆိုသည်ကိုလည်း သတိပြုမိသည်။

ကြားရသော 'အသံ'။

ကြားရသော အာရုံခံကိရိယာဖြစ်သည့် 'နား'။

သည် 'အသံ' နှင့် 'နား' တို့ ထိတွေ့ရာတွင် ကြားသိမှု ဟူသော အဖြစ်လေးတစ်ခု ဖြစ်ပေါ်လာသည်။ ဆက်တိုက်ကြားရသောအခါ ကြားသိမှုဆက်တိုက် ဖြစ်လာသည်။ ထိုအခါ ရှေ့က ကြားသိမှုတွေပျက်သွားတာကို သတိမပြုရသေးခင်မှာပင် နောက်

mgyoe.com

mgyoe.com



ထပ် ကြားသိမှုတွေ ဆက်တိုက်ဖြစ်လာသောအခါ ကြားသိမှုဖြစ်စဉ်ကြီးသည် တစ်ဆက်တည်းလို ထင်လာရသည်။ ထိုသို့ ထင်လာရင်းမှပင် ကြားသိမှုများသည် ဖလင်ကွက်တွေလို တစ်ကွက်ချင်း ပုံရိပ်တွေအဖြစ် ကူးပြောင်းသွားသည်။ နာမ်ခန္ဓာတစ်ပါးဖြစ်သော သညာက္ခန္ဓာက မှတ်သားပုံဖော်ပေးလိုက်ခြင်း ဖြစ်မည်။ ဖလင်ကွက်တွေကို ဆက်တိုက် အမြန်ကြည့်ရသောအခါ ပုံရိပ်တွေသည် တစ်ဆက်တစ်စပ်တည်းလို ဖြစ်ပြီး လှုပ်ရှားလာသည်။

ပုံရိပ်ကို မြင်ယောင်၊ ထင်ယောင်သလို ဖြစ်လာသောအခါ ခံစားမှု ဝေဒနာက္ခန္ဓာသည် နိုးကြားလာတော့သည်။ သိမြင်မှု ဝိညာဏက္ခန္ဓာသည်လည်း ယှဉ်တွဲလျက်ပေါ်လာသည်။ သူက လက်ရှိ မြင်နေရသော ဖြစ်စဉ်ကြီးထဲမှကြိုက်တာ၊ မကြိုက်တာတွေ ရွေးထုတ်နေ၏။ ကြိုက်လျှင် ကြိုက်သလို၊ မကြိုက်လျှင် မကြိုက်သလို ခံစားနိုင်အောင်လည်း ဝေဒနာက္ခန္ဓာကို တွန်းအားပေးနေ၏။ သညာ၊ ဝိညာဉ်၊ ဝေဒနာတို့၏ မရပ်မနား အလုပ်ရှုပ်လာမှုကြောင့် သင်္ခါရက္ခန္ဓာသည်လည်း မနေသာ။ သူက နောင်တော်ကြီးသုံးဦး၏ ခိုင်းတာကိုအမြဲလုပ်နေရသူ ဖြစ်သည်။ ကောင်းတာ မကောင်းတာ၊ ကြိုက်တာ မကြိုက်တာ မှတ်သားသိမြင်ခံစားသမျှ သူတို့၏ အလိုကျလိုက်၍ ပြုပြင်ပြောင်းလဲပေးနေရ၏။

ဆိုရလျှင်... ရူပက္ခန္ဓာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သော 'အသံ' တစ်ခု၏နောက်ပိုင်း ဆိုင်ရာ ဆိုင်ရာတို့ အလုပ်များကြပုံမှာ စိတ်ဝင်စားစရာ ဖြစ်သည်။ ရူပက္ခန္ဓာတစ်ခု ဖြစ်လိုက်သည်နှင့်

mgyoe.com

mgyoe.com



နောက်ဆက်တွဲ နာမ်ခန္ဓာ လေးပါးတို့သည် လွှန့်လူး နိုးထလာရတော့သည်။

အားလုံးသည် တစ်ပြိုင်တည်း၊ တစ်ချိန်တည်းမှာ ဖြစ်ပေါ်လာကြခြင်းပင်။ မြန်ဆန်လွန်း၍သာ ကျွန်တော်တို့ ခြေရာမကောက်နိုင်ကြခြင်း ဖြစ်သည်။ သည်စာရေးနေသည့်အချိန်၌သာ ခန္ဓာငါးပါးတို့၏ အလုပ်လုပ်ပုံကို ပြန်လည်တွေးဆ ရေးသားနိုင်ခြင်း ဖြစ်သည်။ အမှန်တကယ်တွင်မူ တရားတော်ကို နာကြားနေသည့် (အသံကို ကြားနေသည့်အခိုက်) တွင် ကျွန်တော်သည် ဖြစ်ပျက်ကို သတိမပြုအား၊ မရှုမှတ်အားပေ။ ဖြစ်စဉ်တန်း၏ နောက်ကွယ်မှ ပုံရိပ်တွေကိုသာ ဆက်တိုက်မြင်နေလေသည်။

ထို့ကြောင့် ကြားသိစိတ်ကြောင့် ဖြစ်ပေါ်လာသော အာရုံတွေနှင့်ပင် ကျွန်တော့်ရင်သည် အဆမတန် နာကျင်လှပြီ။ နှလုံးသားကို ကြမ်းတမ်းသောလက်ကြီးနှင့် ဆုပ်ကိုင်ချေမွသည်သို့ ခံစားနေရသည်။ ရက်စက်နိုင်သူက ရက်စက်နိုင်လွန်းသလို အနစ်နာခံသူကလည်း အနစ်နာခံနိုင်လွန်းလှသည်။

ဟော… အသံကိုကြားရပြန်ပြီ…

"အဲဒီလို ဖခင်ဖြစ်သူ မဟာပတာပမင်းရဲ့ အမိန့်ကြောင့် သားတော်ဖြစ်သူ ဓမ္မပါလမင်းသားလေးရဲ့လက်ကို လူသတ်သမားတို့က ဖြတ်လိုက်ကြတယ်"

ရင်မှာ ဟာ… ခနဲဖြစ်သွားသည်။ လှိုက်မောသလို ခံစားရသည်။

mgyoe.com

mgyoe.com



ဇာတ်ပွဲများကြည့်နေရလျှင် မမြင်မိအောင် မျက်စိစုံမှိတ်လိုက်မိပေမည်။

**"စဉ်းစားကြည့်ပေါ့... စဉ်းစားကြည့်စမ်း... အဲဒီအချိန်မှာ ဓမ္မပါလမင်းသားလေးဟာ အသက်ခုနစ်လ သားလေးပဲ ရှိသေးတာနော်။ ဒါပေမဲ့ ဘုရားအလောင်းတို့ရဲ့ စိတ်ဓာတ်အတိုင်း ဘဝအဆက်ဆက် ဖြည့်ရမယ့်ပါရမီကို ဆင်ခြင်ပြီးတော့ လုံးဝမငိုဘဲ နေသတဲ့။ ခန္တီပါရမီကို ရှေ့ထားပြီး သည်းခံနေသတဲ့။ စဉ်းစားကြည့်နော်။ ခုနစ်လသားလေး လက်နှစ်ဖက်လုံး အဖြတ်ခံလိုက်ရပြီ။ သွေးစိမ်းရှင်ရှင် ပန်းထွက်နေတာ ဘယ်လောက်နာမလဲ။ ဒါကို လုံးဝ မအော်ဘူး၊ မငိုဘူး။ ဝေဒနာကို သည်းခံနေတဲ့ ဓမ္မပါလ မင်းသားလေးရဲ့ စိတ်ဓာတ်ကိုကြည့်စမ်း၊ ဘယ်လောက် ကြီးကျယ် မြင့်မြတ်လိုက်သလဲ။ ဘယ်လောက် စွမ်းအားကြီးလိုက်သလဲ"**

ဟောပြောနေသော ဆရာတော်၏အသံပင်လျှင် တုန်ခါချင်လာသည်။ **စဉ်းစားကြည့်နော်...** ဆိုသည့်နေရာတွင် ပို၍တုန်ခါလာသည်ဟု ကျွန်တော်ထင်သည်။ ဓမ္မကထိကဆရာတော်သည် ဟောပြောနေရင်းမှပင် ဆို့နစ် ကြေကွဲနေပြီလား...။

ဆရာတော်သည်လည်း ဇာတ်ကို ခင်းကျင်းနေရင်းမှပင် မှိတ်ထားသော မျက်လုံးအိမ်အစုံ၌ ပုံရိပ်တွေကို မြင်နေပေလိမ့်မည်။ ဆရာတော်သည် ငါးရာ့ငါးဆယ်နိပါတ်ထဲမှ **စူဠဓမ္မပါလ** ဇာတ်ကို ဟောပြောနေခြင်း ဖြစ်သည်။ ဟောပြောခဲ့သည့် အကြောင်းခံမှာ ဘုရားရှင်အား သတ်ရန်အတွက် ဒေဝဒတ္တမထေရ်၏ ကြံစည်အား

mgyoe.com

mgyoe.com



ထုတ်ခဲ့ခြင်းအပေါ် အမှီပြု၍ ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

**"ဒေဝဒတ်သည် ငါဘုရား၏အသက်ကို သေစိမ့်သောငှာ ယခုမှ ကြံစည်သည်မဟုတ်၊ ဟိုး အတိတ်ဘဝကလည်း လုပ်ခဲ့ဖူးသည်သာ"** ဟု ဆိုကာ စူဠဓမ္မပါလဇာတ်ကို ဟောတော်မူခဲ့သည်။

သည်ဇာတ်လမ်း ဖြစ်တည်ရာဘဝတွင် ဒေဝဒတ်သည် မဟာပတာပမင်း ဖြစ်ခဲ့သည်။ ဂေါတမဘုရားရှင်သည် ဘုရားလောင်းဘဝတစ်ခုအဖြစ် မဟာပတာပမင်း၏သားတော် ဓမ္မပါလမင်းသားဖြစ်ခဲ့သည်။ ဘုရားရှင်၏မိထွေးတော် မဟာပဇာပတိဂေါတမီသည် မဟာပတာပမင်း၏ ကြင်ရာတော် စန္ဒာဒေဝီမိဖုရား ဖြစ်ခဲ့သည်။

ဘဝ… ဘဝတွေသည် ဆန်းကြယ်လှပါတကား…။

ထို့ကြောင့် သံသရာတွင် မတော်ခဲ့ဖူးသော ဆွေမျိုးဟူ၍ မရှိဟု ဆိုခဲ့သည်ကိုး…။

ဓမ္မပါလမင်းသား ခုနစ်လသားအရွယ်တွင် မယ်တော် စန္ဒာဒေဝီ မိဖုရားသည် သားငယ်နှင့် တီတီတာတာ ကစားနေခိုက်ဖြစ်သည်။ ထိုအချိန်တွင် ဘုရင်ဖြစ်သူ မဟာပတာပမင်း လာသည်ကို စန္ဒာဒေဝီမိဖုရား တွေ့မြင်သည်။ သို့သော် အရေးမကြီးဟုထင်ကာ လာ၍မကြို။ နေရာမပေးမိ။ မဟာပတာပမင်းသည် ထောင်းခနဲ ဒေါသထွက်သွားသည်။

**"ငါလို ဘုရင်တစ်ပါး လာတာတောင် မထိမဲ့မြင်ပြုတဲ့ မိဖုရား… သင်းတော့လား…"**

mgyoe.com

mgyoe.com



ဒေါသနောက်မှပါလာသော အတွေးတိုင်းသည် အကုသိုလ်စိတ်တွေ လွှမ်းမိုးစမြဲဖြစ်သည်။ အညှံ့စားစေတနာတွေ နေရာယူစမြဲဖြစ်သည်။ သူလို ဘုရင်တစ်ပါး၊ သူလိုအိမ်ဦးနတ် အရှင်သခင်တစ်ဦး လာသည်ကိုပင် ဂရုမစိုက်နိုင်လောက်အောင် သားငယ်က သူ့ထက် နေရာရနေပြီလား။ စန္ဒာဒေဝီမိဖုရားသည် သားကိုမှီ၍ မာနထောင်လေပြီလား။ ဒါဆိုလျှင် သားငယ်သည် သူနှင့် မိဖုရားကြားတွင် အမှိုက်သဖွယ် ဖြစ်နေပါပေါ့လား။

မာနအခိုးတို့သည် မဟာပတာပမင်း၏စိတ်ကို ရိုက်ခတ်လာသည်။ မာနကြောင့်ပင်လျှင် ဒေါသတို့ ထွက်လာပေပြီ။ အမျက်ဒေါသဟူသည် မီးလိုပူလောင်လှသော အစွမ်းသတ္တိရှိသည်။ မဟာပတာပမင်းသည် ခုနစ်လသားအရွယ် နုနယ်သည့် ဓမ္မပါလ မင်းသားလေးကိုပင် သူ၏ ရင်နှစ်သည်းချာသားငယ်အဖြစ် မမြင်တော့။ သားငယ်အဖြစ် အသိအမှတ်မပြုချင်ရှာတော့။ မာနကိုအခြေခံ၍ ဖြစ်ပေါ်လာသော ဒေါသအခိုးသည် မဟာပတာပမင်း၏ စိတ်တစ်ပြင်လုံးကို လွှမ်းမိုးနေသည်။ ထိုအချိန်တွင် သူ့အတွက် အရေးအကြီးဆုံးမှာ သူနှင့် စန္ဒာဒေဝီမိဖုရား၏ ဆက်ဆံရေးတွင် အဖုအထစ်ဖြစ်နေသော သားငယ် ဓမ္မပါလမင်းသား မရှိဖို့ပင်။

ဓမ္မပါလမင်းသား မရှိဖို့...။ ဒါသည် အရေးကြီးဆုံး...။

**မရှိတော့ဖို့** အတွက် မည်သို့လုပ်ရမည်နည်း။ ဒေါသက ခိုင်းတာပဲ။ အဖြေက ရှိပြီးသားပေါ့။

mgyoe.com

mgyoe.com



သားငယ် ဓမ္မပါလ မင်းသားကို ရှင်းပစ်လိုက်ဖို့၊ သတ်ပစ်လိုက်ဖို့၊ ဖျက်ဆီးပစ်ဖို့ မဟုတ်လား။

သို့နှင့် အမိန့်ပေးပိုင်ခွင့်ရှိသူတို့ ထုံးစံအတိုင်း သူသတ်သမားတို့ကို စန္ဒာဒေဝီ မိဖုရားထံ စေလွှတ်လိုက်သည်။ သားငယ်ကို အတင်းအဓမ္မ ယူဆောင်စေသည်။ မိဖုရားကြီးကလည်း မောင်တော် ဘုရင်မင်းမြတ် အမျက်ထွက်သည်ကို သတိပြုမိလိုက်သည်။ ရာဇမာန် သင့်တော့မည်ကို သဘောပေါက်သွားသည်။ သားတော် ဓမ္မပါလမင်းသားကို ရင်မှာ တင်းကျပ်စွာပွေ့ပိုက်ရင်းမှ ငိုနေရှာသည်။ သူသတ်သမားတို့ကား နောက်မတွန့်၊ လက်မရွံ့။ မိဖုရားကြီးကိုပင် ရိုက်နှက်လိုက်ကြသေးသည်။ သူတို့အတွက် ထိုအချိန်တွင် အရေးကြီးသည်မှာ ဓမ္မပါလမင်းသား သူတို့လက်ထဲ ပါလာဖို့ပဲ မဟုတ်လား။ သို့မှလည်း **"အမိန့်တော်မြတ်အတိုင်း ဓမ္မပါလမင်းသားကို ကျွန်တော်မျိုးတို့ ဆောင်ကြဉ်းခဲ့ပါပြီ ဘုရား"** ဟူ၍ သူတို့ခမျာ ပြန်လည်လျှောက်ထား သံတော်ဦးတင်နိုင်မည် မဟုတ်လား...။

အားမတန်၍ လက်လျှော့လိုက်ရသည့် စန္ဒာဒေဝီ မိဖုရားကြီးခမျာ သူသတ်သမားတို့လက်ထဲ ပါသွားသော သားတော် ဓမ္မပါလ မင်းသားလေးကို ပြန်ရအောင် အတင်းကြိုးစားရှာသည်။ သို့သော် သူသတ်သမားတို့၏အားကို မယှဉ်နိုင်။ ရင်အုပ်ကွာသွားသော ဓမ္မပါလမင်းသားနောက်သို့ စန္ဒာဒေဝီမိဖုရားကြီး ငိုယိုပြီး လိုက်နေပုံကိုသာ မြင်တွေ့နေရပါလျှင်...။

အနှိုင်းအဆကြီးမားလှသော မိခင်မေတ္တာကြောင့်ပင် စန္ဒာ

mgyoe.com

mgyoe.com



ဒေဝီ မိဖုရားကြီး၏ နှလုံးအိမ်သည် အဆမတန် ပူလောင်ပေရော့မည်။

**"အို... ကြားရတာ နားဝမှာ မချမ်းသာပါလား သားတော်ရဲ့"**

မဟာပတာပမင်း၏ တစ်ချက်လွှတ်အမိန့်ကို ကြားလိုက်ရသည်။

**"သူသတ်သမားတို့၊ ကဲ... သားတော် ဓမ္မပါလ၏ လက်အစုံကို ဖြတ်ပစ်လော့..."**

စန္ဒာဒေဝီ မိဖုရားကြီးသည် နားနှစ်ဖက်အုပ်ကာ မိုက်ခနဲဖြစ်၍ လဲကျသွားသည်။ ပြီးမှ အော်ဟစ်ငိုယိုကာ အယူခံဝင်ရှာသည်

"သားငယ်မှာ အပြစ်မရှိပါ။ ကျွန်တော်မျိုးမမှာသာ အပြစ်ရှိပါတယ်။ ကျွန်တော်မျိုးမ၏ လက်များကိုသာ ဖြတ်တော်မူပါမောင်တော်ရယ်"

မင်းရှေ့မှောက်တည့်တည့်မှာ ဆိုတော့ သည်အယူခံသည် အချည်းနှီးသာတည်း။ မင်းကလည်း ဒေါသအမျက်ခိုးတွေ တထောင်းထောင်း ထနေချိန်ဆိုတော့ သူသတ်သမားတို့သည်လည်း လိုသည်ထက်ပို၍ မင်းအမိန့်တော်ကို နာခံပြုရပေတော့သည်။ မြန်လိုက်သည်ဖြစ်ခြင်း။

ဓမ္မပါလမင်းသား၏ ပြတ်သွားသော လက်နှစ်ဖက်သည် နန်းရင်ပြင်ပေါ် ဖြုတ်ခနဲ ပြုတ်ကျလာသည်။ သွေးစိမ်းရဲရဲ တဆတ်ဆတ်တုန်ခါ၊ မိခင် စန္ဒာဒေဝီမိဖုရားရှေ့မှောက်မှာ...။

mgyoe.com

mgyoe.com



စန္ဒာဒေဝီမိဖုရားကြီးသည် နင့်လွန်းသောရင်ဖြင့် တစ်ချက် မေ့မြောသွားသည်။ ထိုသို့မေ့မြောရင်းမှပင် အသံတစ်သံကို ကြား လိုက်ရပြန်သည်။

**"ခြေအစုံကို ဖြတ်လော့..."**

"တော်ပါပြီ မောင်တော်ဘုရင်မင်းကြီးရဲ့"ဟု မပြောနိုင်သေး ခင်မှာပင် မင်းသားလေး၏ ခြေအစုံနှစ်ဖက်သည် တဆတ်ဆတ် တုန်ခါလျက် နန်းရင်ပြင်တွင် သွေးအလိမ်းလိမ်းနှင့် လူးလွန့်နေ ပေပြီ။ စန္ဒာဒေဝီ မိဖုရားကြီးသည် သည်းအူပြတ်မတတ် ပူဆွေး ရင်းမှ လှိုက်လှဲ ဆို့နစ်တုန်ခါနေသောအသံနှင့် လျှောက်ထား လေသည်။

**"ဒီလောက်ဆို တော်ပါတော့လား၊ နောင်တော် ဘုရင် မင်းမြတ်ရယ်၊ ခြေလက်မစုံတဲ့ သားတော် ငုံးတိကလေး ကိုပဲ နှမတော်ကို ပေးလိုက်ပါတော့။ ဒီငုံးတိလေးကိုပဲ နှမတော် တောင်းနဲ့ရွက်ပြီး လုပ်ကျွေးပါရစေ။ မောင်တော် မနေစေချင်ဘူးဆိုရင် နန်းရင်ပြင်ကလည်း အရုထွက်သွား ပါ့မယ်။ သားတော် ငုံးတိကလေးကိုတော့ နှမတော်ကို ပြုစုလုပ်ကျွေးခွင့်ပေးပါလား မောင်တော်ရယ်"**

**"အို... မလိုချင်ဘူး။ ဟော့... သူ့အသတ်သမားတို့ ခမ္ဘပါလရဲ့ ဦးခေါင်းကို အမြန်ဖြတ်ကြစမ်း။ ဒီလောက် ခြေတွေ၊ လက်တွေ ဖြတ်လို့မှ မအော်မငို၊ မသေနိုင်တဲ့ ကလေး မြန်မြန်ဖြတ်ကြစမ်း၊ မြန်မြန်ဖြတ်ကြစမ်း၊ ကြာ**

mgyoe.com

mgyoe.com


တယ်ဟေ့…”

ဦးခေါင်းနှင့် ကိုယ်ငုံးတိကလေး တခြားစီဖြစ်သွားသော ဓမ္မပါလမင်းသား။

ရာဇပလ္လင်ထက်မှ အော်ဟစ်ရယ်မောနေသော မဟာပတာပမင်း။

နန်းရင်ပြင်ပေါ်ရှိ သားငယ်၏ သွေးစက်တွေကြားထဲမှ လူးလိမ့်ကြေကွဲ မျက်ရည်ရွဲနစ်နေသော စန္ဒာဒေဝီမိဖုရား။

ရက်စက်မှုနှင့် သည်းခံနိုင်မှု နှစ်ခုတွင် မည်သည့်ဘက်က အားကြီးသည်ကို မဟာပတာပမင်း၏ နန်းရင်ပြင်တွင် ယှဉ်ပြိုင်နေသလို ဖြစ်နေသည်။

ဓမ္မပါလမင်းသားကား အသံမထွက်၊ မငို၊ မအော်။ တည်ကြည် ရင့်ကျက်သော ဣန္ဒြေအပြည့်နှင့် ပါရမီတော်ကို ဆင်ခြင်လျက်။

မဟာပတာပမင်းကား ကျယ်လောင်သောအသံ၊ အော်ဟစ်အမိန့်ပေးနေရသော စိတ်လှုပ်ရှားမှု၊ ပူလောင်နေသော ဒေါသရင်ခွင်၊ သူတစ်ပါးအကျိုးစီးပွား ပျက်စေလိုသော နှလုံးသွင်းမှု။

ပါရမီဖြည့်ဖက် မယ်တော် စန္ဒာဒေဝီ မိဖုရားကြီးကား ကြီးမားလှသော မိခင်မေတ္တာကို ညှန်းဖွဲ့ပြဆိုလျက်။

နောက်ဆုံးမြင်ကွင်းကား ရှုရက်နိုင်စရာ မရှိ။ ဒေါသခိုင်းစေသမျှ ကျေနပ်အားရမှု မရှိနိုင်သေးသော မဟာပတာပမင်းသည် ခေါင်း၊ ခြေ၊ လက်တို့ မရှိတော့သော ခန္ဓာကိုယ် ငုံးတိကလေးကို အပေါ်သို့ မြှောက်စေပြီး သူကိုယ်တိုင် သန်လျက်ဖြင့်ခံပြီး မွေ့

mgyoe.com

mgyoe.com



ယမ်းပြန်သည်။

သည့်မျှအထိ ရက်စက်နိုင်လွန်းလှသောအခါ စန္ဒာဒေဝီမိဖုရားသည် နှလုံးကွဲ၍ သေပွဲဝင်ရရှာလေပြီ။ မဟာပတာပမင်းသည် အဝီစိမှ မီးလျှံနှင့်တကွ မြေမျိုခံရပြီး အဝီစိငရဲသို့ကျသည်ဟု ဆိုသည်။ မှူးမတ်၊ နန်းတွင်းသူအပေါင်းတို့သည်လည်း မိဖုရားနှင့် သားတော်တို့၏အလောင်းများကို သင်္ဂြိုဟ်ရသည်ဟု ဆိုသည်။

အားလုံး ပျက်စီးသွားလေပြီတကား...။ သို့သော် ပျက်စီးသွားပုံချင်း မတူကြ။ ဓမ္မပါလမင်းသားကား သဗ္ဗညုတဉာဏ်တော်အတွက် အသက်နှင့် ခန္ဓာကို ပေးဆပ်လှူဒါန်းသွားခြင်း၊ အရင်းအနှီးပြုသွားခြင်း၊ သိနေလျက်နှင့် ဘဝခန္ဓာအိမ်တစ်ခုကို စွန့်လွှတ်လိုက်ရခြင်း။

မဟာပတာပမင်းကား မာန၏ကျေးကျွန်၊ ဒေါသ၏အစေအပါးအဖြစ် မိမိ၏မှားယွင်းသော နှလုံးသွင်းမှုကိုပင် မသိနိုင်တော့ဘဲ ဘဝခန္ဓာအိမ်တစ်ခုကို စွန့်လွှတ်လိုက်ရခြင်း။

စွန့်ခွာလိုက်ရခြင်းနှင့် စွန့်လွှတ်ခဲ့ရခြင်းတို့၏ တန်ဖိုးချင်းကား မတူညီကြ။ ထိုအခါ အကျိုးပေးနှင့် လားရာတို့သည်လည်း မတူညီနိုင်တော့။ ထားရှိသော စိတ်စေတနာအပေါ် မူတည်၍ သွားရမည့် အရပ်ဒေသတို့သည်လည်း မတူနိုင်တော့။

ယခုမှပင် တရားဟော ပလ္လင်ထက်မှ ဟောပြောနေသော ဆရာတော်ကို သတိပြုမိသည်။ ဆရာတော်၏အသံကို ကြားမိသလို ရှိသည်။ ဆရာတော် တရားဟောကောင်းလွန်းသဖြင့်လည်း

mgyoe.com

mgyoe.com



ဆရာတော်၏အသံမှတစ်ဆင့် ပုံရိပ်တွေကို ဆက်တိုက်မြင်နေရခြင်း ဖြစ်မည်။ ထိုသို့ ပုံရိပ်တွေနှင့်အတူ ခံစားနေရသော ဝေဒနာ၊ ဒဏ်ရာဒဏ်ချက်တို့ကလည်း ပြင်းထန်လှပါဘိ။

**"အဲဒါကိုကြည့်။ တို့... ဘုရားရှင်တည်ခဲ့တဲ့ သာသနာဟာ ရိုးရိုးသာသနာ မဟုတ်ပါဘူး။ သွေးနဲ့ရင်းခဲ့ရတဲ့ သာသနာပါ။ ဒါကြောင့် ဘုရား၊ ဘုရားဆိုပြီး ဝတ်ကျေတမ်းကျေ ဦးချကန်တော့ရုံနဲ့ ကိုယ့်ဘက်က တာဝန်ကျေပြီလို့ ထင်မနေကြနဲ့။ သည်လို ဘဝပေါင်းများစွာ အနစ်နာခံ ပါရမီဖြည့်လာပြီးမှ ရလာတဲ့ သဗ္ဗညုတဉာဏ်တော်ကြီး ဘယ်လောက် ကြီးမားလိုက်သလဲ၊ ဘယ်လောက် တန်ဖိုးကြီးလိုက်သလဲ။ သည်ဉာဏ်တော်ကြီးကြောင့် သိလာတဲ့ သစ္စာလေးပါး တရားတော်၊ ဒုက္ခကလွတ်ငြိမ်းအောင်ကို ဟောပြောသွားနိုင်တဲ့ ဘုရားရှင်၊ သဘာဝဓမ္မတရားတွေကို ဖော်ထုတ်ဟောပြောသွားတဲ့ ဘုရားရှင်ဆိုတာ အလေးအနက်သိကြပါ။ သည်သဗ္ဗညုတဉာဏ်တော်နဲ့ ဟောခဲ့တဲ့ တရားတော်တွေနော်။ တော်ရုံတန်ရုံအသိဉာဏ်နဲ့ ဟောခဲ့တာ မဟုတ်ဘူး။ ဒါကြောင့်မို့ ယုံမှားသံသယဖြစ်ဖို့ဆိုတာ လုံးဝမရှိကြလေနဲ့။ ကိုယ့်ဉာဏ်လေး တစ်ထွာတစ်မိုက်နဲ့ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်အရ ဟောခဲ့တဲ့ တရားတော်တွေကို မမီမကမ်းနဲ့ ဝေဖန်လား၊ ဆန်းစစ်လား မလုပ်ကြပါနဲ့။ ဘုရားရှင်ရဲ့အဆုံးအမတွေကို ဘယ်လောက်နားထောင်ဖို့ သင့်သလဲ။ သာသနာနဲ့ ကြုံတုန်းမှာ ဘုရားစကား**

mgyoe.com

mgyoe.com



**ကို နားထောင်ကြဖို့ မမေ့ကြပါနဲ့။ ဘုရားရှင်က သူ့အတွက် သူလုပ်ခဲ့တာလား၊ သတ္တဝါတွေရဲ့ အကျိုးစီးပွားလုပ်ခဲ့တာလား၊ အနစ်နာခံခဲ့တာလား ဆိုတာ ဒီစူဠဓမ္မပါလဇာတ်ကို ကြည့်ရင်ပဲ ဘယ်လောက် ထင်ရှားလိုက်သလဲ။ ဘုရားရှင်ရဲ့ကျေးဇူးတော်တွေဟာ ဘယ်လောက်ကြီးမားလိုက်သလဲ။ ဒါကို သတိပြုမိကြစမ်းပါ"**

တရားပွဲ အဆုံးသတ်နေသော ဆရာတော်၏ တရားဟောသံတို့ကို ကျွန်တော် ဆက်လက်ကြားနိုင်စွမ်း မရှိတော့ပါ။ လက်တွေအဖြတ်ခံနေရသော၊ ခြေထောက်တွေ အဖြတ်ခံနေရသော၊ ခေါင်းတွေ အဖြတ်ခံနေရသော ဘုရားအလောင်းတော် ခုနစ်လသားဓမ္မပါလမင်းသားလေး၏ ပုံရိပ်တွေကိုသာ မြင်ယောင်နေမိသည်။

ရင်ထဲ အဆမတန် ခံစားလာရသည်။

သည်တစ်ခါ ဆို့နစ်ကြေကွဲ မျက်ရည်တွေ စီးကျလာသည်ကား စန္ဒာဒေဝီမိဖုရားကြီး မဟုတ်တော့...။

ကျွန်တော်... ကျွန်တော်ကိုယ်တိုင် ဖြစ်နေပါပေါ့လား...။

ကျွန်တော်သည် ဘုရားရှင်ဟူသော အဓိပ္ပာယ်တစ်ခုကို ဓမ္မပါလမင်းသား၏ စွန့်လွှတ်အနစ်နာခံ ပါရမီဖြည့်ဆည်းမှုမှ တစ်ဆင့် ခံစား ကြည်ညိုမိခဲ့ရလေပြီ။

ဩော်... ဘုရားရှင်၏ အဓိပ္ပာယ်...။

ထိုအဓိပ္ပာယ်ကို သိရှိနားလည် ခံစားမိသောစိတ်...။

ထိုစိတ်၏နောက်ကွယ်မှ ကြည်နူးပီတိဖြစ်သော စိတ်...။

မျက်ရည်များကြားမှပင် နှလုံးအိမ်သည် ကြည်လင်အေးချမ်း

mgyoe.com

mgyoe.com


နေပါသည်။ မျက်ရည်များသည်ပင် စမ်းချောင်းရေကဲ့သို့ အေးမြနေပါရော့လား...။

၂၀-၄-၉၉

mgyoe.com

mgyoe.com



mgyoe.com